ပီစိုးနှင်း



# အောင်စိတ်

# အောင်စိတ်

## ကျန်းပြုဆရာ၏ နိဒါန်း

ဤကျမ်းငယ်၌ ပါရှိသော စကားများ ကို အဖိုးနည်းသော ကြောင့် တစ်ကြောင်း၊ ပါဠိမပါ သော ကြောင့် တစ်ကြောင်း ပေါ်သည်ဟု မမှတ်အပ်ပေ။ စာ ဖြစ်ရုံ သဘောထားကာ ရေး ရိုးရေး တမ်း ဖြစ် ကတတ်ဆန်းရေး သော ဆုံးမစာမျိုး ဟု ထင်မှတ်ကာ ပေါ့သည်ဟု အယူမရှိအပ်ပေ။ စင်စစ်မှာ ဆုံးမ ဩဝါဒစကား ဟောစာတမ်းမျိုး လည်း မဟုတ်၊ တာဝန်ရှိ၍ ရေး ရသော သတင်းစာခေါင်းကြီးမျိုး လည်း မဟုတ်။ ဝါသနာပါ၍ ရေး သော ဆောင်းပါးစာမျိုး လည်းမဟုတ်၊ အလုပ်မရှိ၍ အလုပ်ရှာကာ ရေး သော သာမည စာမျိုး လည်းမဟုတ်၊ မလွဲနိုင်သော တရားစကားများ ကို လက်စွမ်းပြရန် ရေး သော စာလည်း မဟုတ်၊ အထူးထက်သန်သော စေတနာနှင့် အမျိုး သားအားလုံးတို့ အဟုတ်တကယ် ကြီးပွားချမ်းသာ စေလိုသဖြင့် ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် မည် သူမဆို နားလည်အောင် ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက် ဖော်ပြသော အဟုတ်တကယ် ဖြစ်မြောက်အောင်မြင်အထင်အရှား အကျိုး စီး ပွားကိုယ်တိုင် ခံစားရပြီး ဖြစ်သဖြင့် လက်တွေ့သိရသည့် အံ့ဖွယ်သော စိတ်ပညာကို ဖော်ပြခြင်း ဖြစ် ရာ နားလည်ရန် လွယ်ကူသည့်အတွက်လည်း ပေါ့ပေါ့ သဘောမထားအပ်ပေ။ ယုံယုံကြည်ကြည် ကိုးစား အားထားသော စိတ်နှင့် ဖတ်ရှု၍ ကျင့်သုံးက အဆုံးမရှိရနိုင်သော ကြီးပွားအောင်မြင်ခြင်း အသီးအပွင့် တို့ကို ကြုံး ယူရရှိခံစားကြရစေဖို့ရန် ထက်သန်သော စေတနာနှင့် ရေး လိုက်သော စာများ ဖြစ်သဖြင့် အထပ်ထပ် ဖတ်ရှုကြပါကုန်။

သို့စေတနာနှင့် ရေး ရာ၌ ကြီးပွားတိုးတက်လိုသော စိတ်အမှန်ရှိကြသဖြင့်

ဖတ်ရှုသူများ ချောက ကိုယ်တိုင်စွမ်းသော နည်းဖြင့် တစ်ဖက်တစ်လမ်းမှ အမျိုး သားတို့၏ ကြီးပွားလမ်းကို ထွင်ပြသော အနေဖြင့် အမြဲမပြတ်တစ်မျိုး ပြီးတစ်မျိုး ကြီးပွားရေး စိတ်ပညာကို အလုံးစုံကုန်စင်အောင် အနည်း အနည်းအဖုံဖုံ ဆက်လက်၍ ထုတ်ပါလိမ့်မည် ။ ဤကဲ့သို့ ရေး ထုတ်ခြင်းမှာ အခြားကြောင့်မဟုတ်၊ သတင်းစာဂျာနယ်များ မှာ ရေး ရာ၌ ဖတ်ရှုသူတို့၏ စိတ်မှာ အလေးမမူပေ့ါပေ့ါဆဆ သဘောထားကြ ခြင်းကြောင့် တစ်ကြောင်း၊ သတင်းစာ ဂျာနယ်တို့ ပျောက်ပျက်သည့်အခါ စာများ ပါပျောက်တတ်သ ဖြင့် တစ်ကြောင်း စာအုပ်အ ဖြစ် သီးခြားထုတ်ဝေခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ထုတ်ဝေရခြင်းကြောင့် တိုင်းပြည်စာဖတ်သူ အရေအတွက် တိုးတက်များ ပြားခြင်း၊ ဖတ်သူများ အနက် တစ်ရာလျှင် တစ်ယောက် ၊ အဟုတ်ကကယ် အကျိုး ခံစားကြရချေက ရေး သားထုတ်ဝေရခြင်း၏ ရည်ရွယ်ချက် ပေါက်ရောက်အောင်မြင်သည်ဟု သဘောထားကာ အတိုင်းမသိဝမ်းမြောက်လိမ့်မည် ဖြစ်ပါကြောင်း။

ပီမိုးနင်း

* *